**ကရင်ပြည်နယ်အတွင်း နအဖနှင့် ဒီကေဘီအေ ထိုးစစ်နှင့်ပတ်သက်၍**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့် ဗွီအိုအေအသံလွှင့်ဌာန အင်တာဗျူး**

**၂၂၊ ၆၊ ၂၀၀၉ နံနက်ပိုင်း ဗွီအိုအေ အစီအစဉ်**

ကရင်ပြည်နယ်အတွင်း ထိုင်းနယ်စပ်မှာရှိနေတဲ့ KNU ကရင်တပ်စခန်းတွေကို DKBA ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာ တပ်ဖွဲ့ဝင်တွေနဲ့ မြန်မာစစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်နေရာမှာ KNU တပ်စခန်းတချို့ဆုံးရှုံးမှုရှိခဲ့ပေမယ့် KNU တပ်ဖွဲ့ဝင်တွေကို အမြစ်ပြတ်ချေမှုန်းနိုင်စွမ်းတော့ရှိမှာမဟုတ်ဟု အကဲခတ်တွေကယူဆကြပါတယ်။ အထူးသဖြင့်လက်ရှိတိုက်ပွဲတွေအကြားမှာ နှစ်ဖက် ထိခိုက်ကျဆုံးသူတွေဟာ ကရင်တွေပဲဖြစ်သလို ထွက်ပြေးဒုက္ခရောက်နေသူတွေကလည်း ကရင်နယ်ခံတွေပဲဖြစ်နေတာမို့ မြန်မာစစ်တပ် အနေနဲ့ ရှေ့ဆက်ထပ်ပြီး ထင်သလိုလုပ်နိုင်မယ့်အနေထားသိပ်မရှိဘူးလို့ ထိုင်းနယ်စပ်မှာရှိတဲ့ လူ့ဘောင်သစ်ဒီမိုကရက်သစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်ကပြောပါတယ်။

**ဦးအောင်မိုးဇော်** ။ ။ အထူးသဖြင့်တော့ အဲဒီ ဘားအံခရိုင်မှာ သူတို့ အခိုင်အမာစခန်းနှစ်ခုရှိတယ်။ တပ်မဟာစခန်းနဲ့ နောက်ခရိုင်စခန်းပေါ့။ အဲဒီ နှစ်ခုကို သူတို့ဦးတည်ပြီးတော့ရအောင် ကြိုးစားတယ်လို့ ကျနော်တို့အဲဒီလိုထင်တယ်။ အခုအချိန်ထိတော့ မရသေးဘူး။ ကျနော်သိသလောက်ကတော့ သူတို့ဖက်ကဒဏ်ရာရတာ တော်တော်များတယ်လို့ပြောတယ်။ ၁၂၀ လောက်ရှိတယ်။ သေတာ ၄၀ လောက်ရှိတယ်လို့ပြောတယ်။ ဒီဖက်က KNU ဖက်ကတော့ အကျဆုံးတော်တော်နည်းတယ်။ ရွာသားတွေက အထူး သဖြင့်တော့ အထဲမှာ IDP စခန်းဖွင့်ထားတဲ့နေရာမှာနေတဲ့ရွာသား ၃၀၀၀ ထောင်ကျော်လောက် ဒီဘက်ကမ်းကို ရောက်လာတယ်။

**မေး** ။ ။ ဒီမတိုင်ခင်မှာ ဒီတပ်ရင်း ၁၀၁ အပါဝင်ဒီတပ်မဟာ ၇ ထဲက KNU တပ်စခန်းတွေကျသွားတဲ့ သတင်းကရော။

**ဦးအောင်မိုးဇော်** ။ ။ အဲဒါကကျနော်တို့သိသလောက်ပေါ့နော် ဒီ KNU က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ကျနော်တို့ မေး ကြည့်တယ်။ အဓိကကတော့ တချို့စခန်းတွေက သူတို့အရှင်ထိုင်ထားတဲ့စခန်း။ အသေထိုင်ထားတဲ့ စခန်းတွေမဟုတ်ဘူး။ သူတို့တက် လာတဲ့အခါမှာ တချို့အရှင်ထိုင်ထားတဲ့စခန်းတွေကို ဆုတ်ပေးတဲ့သဘောဖြစ်တယ်လို့ ကျနော်တို့ အဲဒီလိုကြားရတယ်။ နအဖဖက်က ရည်ရွယ်တာက ၁၆ ရက်နေ့ပေါ့နော် ၁၆ ရက်နေ့မှာ အခိုင်မာစခန်းတွေကို အပြီးသိမ်းမယ်ဆိုတဲ့ရည်ရွယ်ချက် ရှိပုံရတယ်။ သို့သော် လည်း အခုချိန်ထိတော့မအောင်မြင်သေးဘူး။ အခုဖြစ်နေတဲ့ နိုင်ငံတကာ Pressure တွေ သူ့သက်ဆိုင်ရာ ဒေသတွင်းနိုင်ငံတွေရဲ့ စိုးရိမ်မှုတွေ အားလုံးပေါင်းစပ်မယ်ဆိုရင် နအဖဖက်က သူတို့ဖက်ကအကျဆုံးတွေဘာတွေနဲ့ သေသေချာချာကြည့်မယ်ဆိုလို့ရှိရင်တော့ ကျနိုင်တဲ့အခြေ နေတော့ အခုထိမတွေ့ရသေးဘူးလို့ကျနော်ပြောလို့ရတယ်။

**မေး** ။ ။ ဒါက ဦးအောင်မိုးဇော်အနေနဲ့က ဒီ KNU တပ်စခန်းတွေကျမသွားနိုင်ဘူးဆိုတဲ့ ဒါထင်မြင်ယူဆချက်ပေါ့နော်။ တဖက်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ပြီးခဲ့တဲ့လပိုင်းတွေထဲမှာဖြစ်ခဲ့တဲ့ နိုင်ငံတကာအခြေနေတခု ဥပမာတခုကိုပြောရမယ်ဆိုလို့ရှိရင် ဥပမာ သီရိလင်္ကာနိုင်ငံမှာဖြစ်ခဲ့တဲ့အနေထားပေါ့။ ဒီအနေထားမှာဆိုလိုရှိရင် တမီလ်ပျောက်ကျားသူပုန်တွေရဲ့ တပ်စခန်းတွေကို အစိုးရ စစ်တပ်တွေက အလုံးအရင်းနဲ့ထိုးစစ်ဆင်တဲ့အခါမှာ နိုင်ငံတကာကလည်းဝိုင်းပြီးတော့ ဒီအခြေနေကိုထိန်းသိမ်းပေးဖို့ မေတ္တာရပ်ခံတာ တွေရှိတယ်။ ဒုက္ခသည်ပြဿနာတွေ အရပ်သားတွေထိခိုက်တဲ့ပြဿနာတွေကို စိုးရိမ်တကြီးပြောတာတွေရှိတယ်။ ဒီကြားထဲကပဲ သူပုန် ပျောက်ကျားတွေကို အပြတ်နှိမ်နင်းရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဇွတ်လုပ်တဲ့အခါကျတော့ကာ နောက်ဆုံးမှာ အစိုးရစစ်တပ်တွေဘက် ကနေပြီးတော့ သူပုန်တွေကို အမြစ်ပြတ်ချေမှုန်းလိုက်မယ်ဆိုတဲ့ အနေထားမျိုးတွေရှိတယ်လေ။ ဒီမြန်မာအစိုးရကရော ဒီလိုအလားတူ ရည်ရွယ်ချက်တွေရှိလာနိုင်တယ်လို့ထင်လား။

**ဦးအောင်မိုးဇော်** ။ ။ သီရိလင်္ကာအရေးကိစ္စပေါ့နော် အဲဒီ သီရိလင်္ကာအရေးကိစ္စကြောင့် နအဖက အားတက်နိုင်သွားနိုင် တယ်။ အထူးသဖြင့်တော့ ဒီဆန့်ကျင်ပုန်ကန်နေတဲ့ သူပုန်တွေကို အစိုးရတစ်ခုအနေနဲ့ အပြတ်ရှင်းလို့ရှိရင် ရနိုင်တယ်ဆိုတဲ့ အားတက် မှုမျိုးရှိသွားနိုင်မှာ။ သို့သော်လည်းပဲ KNU ပေါ်မှာထားတဲ့ နိုင်ငံတကာရဲ့ သဘောထားနဲ့ တမီလ်ကျားသူပုန်ပေါ်မှာထားတဲ့ နိုင်ငံ တကာရဲ့သဘောထားက တော်တော်လေးကိုကွာပါတယ်။ အခုပဲ ဒီအီးယူ အီးယူက ကျနော်တို့ မြန်မာပြည်အရှေ့ဘက်ဒေသတွေမှာ အပစ်ခတ်ရပ်ဖို့ဆိုတဲ့ သဘောထားတွေဘာတွေထွက်လာတာကို ကြည့်ခြင်းအားဖြင့် သိနိုင်တယ်လို့ ကျတော်ပြောချင်တယ်။ နောက် တပိုင်းကလည်း လောလောဆယ်ဆယ်အခုဖြစ်နေတဲ့ တိုက်ပွဲအခြေနေတွေကိုကြည့်ခြင်းအားဖြင့် ကိုယ်နှိုက်က သူတို့အပြတ်ရှင်းနိုင်တဲ့ အခြေနေမရှိသေးဘူးဆိုတာ တွေ့ရတယ်။ ဟိုတနေ့ပဲ ကျနော်တို့ ဒီ နအဖကိုယ်နှိုက်က ဒီပွဲမှာသူတို့မပါဘူးဆိုပြီးတော့ ထုတ်ပြောလာ ရတဲ့ အခြေနေရှိတယ်ပေါ့နော်။

**မေး** ။ ။ မြန်မာစစ်အစိုးရဖက်က သူတို့မပါဘူးဆိုတဲ့ ထုတ်ပြောတဲ့အနေအထားဆိုတော့ ဒီနေရာမှာ ကျနော်တို့ ကြား နေရတာကလည်း KNU စစ်စခန်းတွေကိုတိုက်ခိုက်တာက အဓိကအားဖြင့် DKBA ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်တွေ ဘက်ကလို့

အများစုဖြစ်တယ်လို့လည်း ဆိုတယ်လေ။ အဲဒါအပြင်ကို ဟိုမြန်မာစစ်တပ်ဖက်က နောက်ဖက်ကနေပြီးတော့ လက်နက်ကြီးနဲ့ကူပစ်ပေးတာလောက်ပဲလို့ သတင်းကြားရတယ်။ ဒါပေမယ့် တဖက်မှာကကျတော့လည်း ဟိုအတည်မပြုနိုင်ဘူးပေ့ါနော် ဒီကိစ္စ ဟို DKBA ဖက်မှာ ဟိုတော်တော်လေးကိုသြဇာကြီးတဲ့ မြိုင်ကြီးငူဆရာတော်ကတောင် ဒါ ကရင်အချင်းချင်းစစ်ပွဲတွေ ဖြစ်မနေပါနဲ့လို့ မေတ္တာရပ်ခံချက်စာတစောင် ထုတ်ပြန်တယ်လို့လည်း ကြားရပါတယ်။ အဲဒါမျိုးတွေကရော တကယ်ဖြစ်ခဲ့သလား။ တကယ်ရှိသလားခင်ဗျ။

**ဦးအောင်မိုးဇော်** ။ ။ အခုကြားနေတာက အခု ဒီ ဒဏ်ရာရတာ အကျအဆုံးတော်တော်များတယ်။ တချို့ရဲဘော်တွေ ဒီမြဝတီမှာ ဆေးပြန်ပြီးတော့ ကုကြရတယ်။ ကုတဲ့အခါမှာ တချို့မြဝတီဆေးရုံက လက်ခံပြီးတော့ ကုသပေးနိုင်တဲ့အနေထားမရှိဘူး။ တပြိုင်နက်တည်းမှာလည်း ခုနကလို တကယ့်မြို့ကြီးတွေကို ဒီရဲဘော်တွေကို သည်ပို့ပေးတဲ့အနေထားမရှိဘူး။ နောက်တဖက်က အဲဒါက DKBA အောက်ခြေပိုင်းမှာဖြစ်နေတဲ့ကိစ္စတွေလို့ ကြားရတယ်။ အဲဒီအတွက် ပြဿနာတွေရှိနေတယ်လို့ ကျနော်တို့ကြားရတယ်။ တခုပေ့ါနော်။ နောက်တခုက ကရင်လူထုတွေထဲကနေပြီးတော့ ဒါ ကရင်အချင်းချင်းတိုက်တာမကောင်းဘူးဆိုတဲ့ အသံတွေပေ့ါနော် အခုတော်တော်လေးထွက်နေတယ်။ အဲဒီတော့ တဖက်က နအဖအနေနဲ့က DKBA ကို ဆက်ပြီးတွန်းဖို့လည်းပဲ အခက်အခဲရှိနေပုံရတယ်။ တဖက်က နိုင်ငံတကာမျက်နှာစာမှာ နောက်အိမ်နီးချင်းနိုင်ငံတွေရဲ့ မျက်နှာစာမှာလည်းပဲ သူ့အနေနဲ့အခုနလိုပေ့ါနော် ကျနော်တို့မပါပါဘူးလို့ ထုတ်ပြောရတဲ့အဆင့်အထိဖြစ်လာတယ်။ ဒါကြောင်မို့လည်း ကျနော်တို့တွေအဓိကထားပြောတာက အပြတ်ရှင်းနိုင်တဲ့အနေထားမရှိသေးဘူးလို့ ကျနော်ပြောတာဖြစ်ပါတယ်။။

**မေး** ။ ။ ဟုတ်ကဲ့ တစ်ချိန်က ဒီ KNU ရဲ့ အဓိကဌာနချုပ်စခန်းကြီးဖြစ်တဲ့ မာနယ်ပလော ကျတုန်းကဆိုလို့ရှိရင် ဒါက DKBA တပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်လို့ ကျသွားရတယ်ဆိုတဲ့သဘောလည်း ရှိတယ်လေ။ အခုလည်းပဲ ဒီလိုသာ DKBA လို ကရင်တပ်ဖွဲ့တွေကနေပြီးတော့ ပါဝင်တိုက်ခိုက်ခြင်းမရှိဘဲနဲ့ မြန်မာစစ်တပ်အနေနဲ့ ဒီ KNU ကို အမြစ်ပြတ်ချေမှုန်းဖို့ဆိုတာ ဖြစ်နိုင်ပဲ့မလားခင်ဗျ။

**ဦးအောင်မိုးဇော်** ။ ။ ကျနော်တော့မထင်ဘူးခင်ဗျ။ ကျနော်တော့မထင်ဘူး။ အခု DKBA တို့ ဘာတို့ပါတာတောင်မှ အပြတ်ရှင်းနိုင်လိမ့်မယ်လို့ အခုချိန်ထိကို ကျနော်မထင်သေးဘူး။

**မေး** ။ ။ ဒါဆိုလို့ရှိရင် ခုလောလောဆယ် ဒီလိုအပြတ်ရှင်းနိုင်တဲ့သဘောမရှိပဲနဲ့ မြန်မာစစ်တပ်က လာမယ့် ဥပမာ အားဖြင့်ဆိုလို့ရှိရင် လာမယ့် ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲလုပ်မယ်လို့လည်း ကြေညာထားတယ် ဒီအတွင်းမှာ တခြားသူတို့နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တပ်ဖွဲ့တွေကိုလည်း အသွင်ကူးပြောင်းရေးကိစ္စတွေ တိုက်တွန်းနေတယ် ဒီလိုအခြေအနေတွေကြားထဲမှာ ဘာကြောင့်မို့လို့ ဒီလို ထိုးစစ်ဆင်မှုတွေကို လုပ်နေရတာလဲ ဒါမှမဟုတ်လို့ရှိရင် ထိုးစစ်ဆင်မှုတွေကို အားပေးနေရတာလဲ။

**ဦးအောင်မိုးဇော်** ။ ။ ကျနော်ထင်တာကတော့ (၃) ချက်လောက်ရှိတယ်လို့ ကျနော်ထင်တယ် အခြေခံအကြောင်းပေ့ါနော်။ တစ်ခုက အပစ်အခတ်ရပ် စဲရေးအင်အားစုတွေကို နယ်ခြားစောင့် တပ်အသွင်ပြောင်းဖို့ သူတို့ကြိုးစားနေတာရှိတယ် ခုချိန်ထိ မအောင်မြင်သေးဘူး။ ဆိုတော့ အပစ်ခတ်ရပ်စဲရေးအဖွဲ့အစည်းတွေက ဒါကိုလက်ခံနိုင်တဲ့ အခြေအနေမရှိဘူးဆိုတာ ဖြစ်နေတယ်။ အဲဒီအနေအထားမှာ KNU ကို တိုက်ပြခြင်းအားဖြင့် မင်းတို့ကိုလည်းနောက်ထပ် ငါတို့ဆက်တိုက်နိုင်တယ်ဆိုတဲ့ Massage ကို ပေးပုံရတယ် ဒါတချက်။ ဒုတိယတ ချက်က ဘာလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို သူတို့ဖမ်းလိုက်တယ်။ ဖမ်းတဲ့အခါမှာ မထင်မှတ်ပဲ နိုင်ငံတကာ Pressure တွေ အရမ်းကြီးသွားတယ်။ KNU ကိုတိုက်ခြင်းအားဖြင့် အဲဒီနိုင်ငံတကာရဲ့ အာရုံစိုက်မှုကို လွှဲလို့ရမလားလို့ သူတို့စဉ်းစားတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ နောက်တချက်ကဘာလဲဆိုတော့ ကျနော်တို့ ဒီ လက်ရှိထိုင်းအစိုးရအနေနဲ့က မြန်မာပြည်ကိစ္စနဲ့ပတ်သက်လို့ တော်တော်ပြောတာဆိုတာ သူတို့လုပ်လာတယ်။ ဒါနဲ့ပတ်သက်လို့လည်းပဲ ဒီထိုင်းကိုလည်းပဲ တစုံတရာ Massage ပေးပုံရတယ်။ ငါတို့ဆက်ထိမ်းထားနိုင်သေးတယ်။ ငါတို့ဆက်ပြီးတိုက်နိုင်သေးတယ် ဆိုတာကို ထိုင်းကိုလည်းတဖက်က Massage ပေးပုံ ရတယ်လို့ ကျနော်တော့ထင်တယ်ဗျ။

**မေး** ။ ။ ဟုတ်ကဲ့ အဲဒီနောက်ဆုံးအချက်ကို ကျနော်တို့ နည်းနည်းလေးရှင်းအောင် ပြန်မေးရမယ်ဆိုလို့ရှိရင် လက်ရှိထိုင်းနိုင်ငံ ဒီမိုကရက်တစ်အစိုးရပေ့ါနော် အဘီဆစ် ဦးဆောင်တဲ့အစိုးရက KNU နဲ့ အထူးသဖြင့် KNU နဲ့ပေါ့နော် မြန်မာစစ်အစိုးရကြားထဲမှာ ကြားဝင်စေ့စပ်မှုတွေ ဖြစ်အောင်လုပ်ပေးနိုင်ပါတယ်ဆိုပြီးတော့ ကမ်းလှမ်းထားတယ်။ တချိန်မှာဒီဆွေးနွေးပွဲတွေကို ထိုင်းနိုင်ငံမှာ ကျင်းပပေးမယ်ဆိုတဲ့ သဘောမျိုးတောင် အရိပ်အမြွတ်ဖော်ပြလာတာတွေ ရှိတဲ့ကြားထဲ့ကနေပြီးတော့ ဘာကြောင့်မို့လို့ ဒီအခြေအနေ အကုန်လုံးကို ပြောင်းပြန်ဖြစ်သွားအောင် မြန်မာစစ်အစိုးရဖက်က လုပ်လာချင်ရတာလဲ။

**ဦးအောင်မိုးဇော်** ။ ။ ပြဿနာကတော့ မြန်မာအစိုးရအနေနဲ့ ဒီနအဖအနေနဲ့က ကျိန်းသေတာက ထိုင်းနိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါမှာ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါမှာ သူတို့ တွေ့ဆုံဆွေးနွေးရေးကို လိုလားပါတယ်လို့ ပြောကောင်းပြောပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ သူတို့မလိုချင်ဘူးလို့ ကျနော်တို့ထင်ပါတယ်။ လက်တွေ့မှာတော့ KNU နဲ့လည်း သူတို့ ပြေလည်အောင်နိုင်ငံရေးအရ ပြေလည်အောင် စကားမပြောချင်ဘူး။ အဲဒီလိုပဲ ကျနော်တို့တိုင်းပြည်ထဲမှာလည်း ခုနကလို

အတိုက်အခံ နိုင်ငံရေးအင်းအားစု တွေနဲ့ ပြေလည်အောင်လို့ လုပ်ချင်တဲ့ စိတ်ဆန္ဒရှိပုံမရဘူး။ တဖက်မှာ ခုနကလို ဒီဒေသအတွင်း ဆွေးနွေးပွဲတွေမှာပဲဖြစ်ဖြစ် ထိုင်းခေါင်းဆောင်ပိုင်းတွေနဲ့ တွေ့တဲ့ခါမှာပဲဖြစ်ဖြစ် မူအရသူတို့က လိုလားပါတယ်လို့ပြောပေမယ့် တကယ့်လက်တွေ့မှာ လိုလားဟန်မရှိဘူးလို့ ကျနော်တော့ယူဆတယ်။

**မေး** ။ ။ ခုလက်ရှိ ဒီလိုတိုက်ပွဲတွေဖြစ်နေတဲ့ အတွက်ကြောင့်မိုလို့ ထိုင်းမြန်မာနယ်စပ်မှာရှိတဲ့ ထိုင်းစီးပွားရေးလုပ်ငန်း နယ်စပ်ကုန်သွယ် ရေးကိစ္စ ဒါတွေဟာ ဘယ်လောက်ထိခိုက်မှု ရှိသလဲခင်ဗျ။

**ဦးအောင်မိုးဇော်** ။ ။ ကျနော့်အထင်ပေါ့နော် ထိုင်း Border Trade နယ်စပ်ကုန်သွယ်ရေးကိစ္စတင် မဟုတ်ဘူးပေ့ါ ဥပမာ ထိုင်းနိုင်ငံအနေနဲ့ဆိုလို့ရှိရင် ဗမာပြည်က စွမ်းအင်ကိုမှီခိုနေရတဲ့ ကိစ္စရှိတယ် ဒီအတွက် သူတို့မှာ ရည်ရှည်စီမံကိန်းတွေရှိတယ်။ နောက်တခုက ဒီ Free Trade ကိစ္စရှိတယ် တော်တော်လေးကို များပါတယ်။ ဆိုတော့ ဒီကိစ္စတွေကိုပါ နအဖအနေနဲ့ ခြိမ်းခြောက်ပြတဲ့ သဘောဖြစ်တယ်လို့ ကျနော်တော့ အဲဒီလို ယူဆတယ်။

**မေး** ။ ။ ထိုင်းနိုင်ငံကို ခြိမ်းခြောက်ပြတဲ့ သဘောအပြင်ကို KNU ကိုယ်တိုင်ကိုလည်း စစ်အင်အားနဲ့ နှိမ်နင်းလို့ ရနိုင်တယ်ဆိုတဲ့ အနေအထားမျိုးကို ခြိမ်းခြောက်ပြတဲ့ အနေအထားဆိုတော့ ထိုင်းအစိုးရအနေနဲ့ KNU ကို တဖက်တလမ်းက နေပြီးတော့ ဖိအားပေးပြီးတော့ မြန်မာအစစ်အစိုးရနဲ့ ဒီ အပစ်အခတ်ရပ်စဲရေး ဒါမှမဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက် တခုတခု ပေါ့နော် လုပ်လာအောင် အတင်းတိုက်တွန်းပေးလာနိုင်တဲ့ အနေအထားမျိုးရော ဖြစ်မလားနိုင်ဘူးလား။

**ဦးအောင်မိုးဇော်** ။ ။ ကျနော်ထင်တယ် ထိုင်းအစိုးရအနေနဲ့ပဲဖြစ်ဖြစ်။ ထိုင်းအစိုးရအနေနဲ့တော့ သူနယ်စပ်မှာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်မှာ အမှန်ပဲ။ ဒါမှလည်း သူ့နယ်စပ်ကုန်သွယ်ရေးကိစ္စ တခြားကိစ္စဆက်ပြီးတော့ အကောင်အထည်ဖော်လို့ရမှာဖြစ်တယ် ခုနကပြောခဲ့တဲ့ ထိုင်းအစိုးရကိုယ်နှိုက်က KNU နဲ့ နအဖကြားမှာ သူတို့ဝင်ပြီးတော့ စေ့စပ်ပေးမယ် တွေ့ဆုံဆွေးနွေးရေး ဖြစ်အောင် ကြိုးစားပေးမယ်လို့ သူတို့ကမ်းလှမ်းလားကတည်းက နယ်စပ်တလျှောက်မှာ အေးအေးချမ်းချမ်းဖြစ်စေချင်တဲ့ ဆိုတဲ့သဘောထင်ရှားပါတယ်။ သို့သော်လည်းပဲ ခုလက်ရှိ ဒီမိုကရက်ဝန်ကြီးချုပ် ပြောဆိုနေတာတွေ ထိုင်းနိုင်ငံလှုပ်ရှားမှုတွေက သူတို့စစ်စစ်မှန်မှန် ငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားတာကို ပိုပြီးတော့လိုလားတဲ့ပုံပြနေတာတော့ တွေ့ရပါတယ်။ ကျနော့်အထင်တော့ အဓမ္မကြီးတော့ လုပ်လိမ့်မယ်လို့ မယူဆဘူး ခုလက်ရှိထိုင်းနိုင်ငံရဲ ခေါင်းဆောင်တွေအနေနဲ့တော့ မူပေါ်မှတော့ရပ်တယ်။ စစ်စစ်မှန်မှန် ငြိမ်းချမ်းရေးကိုမြင်ချင်ပုံရတယ်လို့ အဲဒီ သဘောတော့ ကျနော်တွေ့ရတယ်ဗျ။

**မေး** ။ ။ အဲဒီတော့ KNU အတွင်းပိုင်းမှာရော ခုလက်ရှိအခြေအနေအရ ဘယ်လိုဖြစ်ပေါ်တိုးတက်မှုတွေရှိနေသလဲ။ သူတို့အချင်းချင်း စည်းလုံးညီညွတ်မှုအပိုင်းမှာ ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်မလဲ။

**ဦးအောင်မိုးဇော်** ။ ။ ခုလိုလုပ်တဲ့အတွက် ကျနော့်အမြင်တော့ KNU အနေနဲ့ ပိုပြီးတော့ ညီညွတ်သွားနိုင်တယ်လို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စက သူတို့ပြည်သူတွေရဲ့ အရေးဖြစ်သွားတာကိုး။ KNU အရေးတခုတည်းမဟုတ်ဘူး။ သူတို့ပြည်သူတွေရဲ့အရေးဆိုတော့ ဒီလိုလုပ်တဲ့အတွက်ကို သူတို့အတွင်းမှာ ပိုပြီးတော့ညီညွတ်မှုကောင်းလာနိုင်တယ်။ ပိုပြီးတော့ တယောက်နဲ့တယောက် ကျောချင်းကပ်သွားနိုင်တယ်လို့ ကျနော်တော့အဲဒီလိုမြင်ပါတယ်။

လက်ရှိ ကရင်ပြည်နယ်အတွင်း တိုက်ပွဲအခြေအနေတွေကို လေ့လာနေတဲ့ ထိုင်းနယ်စပ်မှာရှိတဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဌ ဦးအောင်မိုးဇော်နဲ့ ဆက်သွယ်မေးမြန်းထားတာပါ။